ဆည်ကြီးကျေးရွာ

ဝက်တူးကျေးရွာအုပ်စု၊ ကသာမြို့နယ်

စစ်ကိုင်းတိုင်းဒေသကြီး



ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

(ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ဆည်ကြီးကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကသာမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

အောက်တိုဘာလ၊ ၂၀၁၈

Scanned by CamScanner

မာတိကာ

မာတိကာ

ဆည်ကြီးကျေးရွာသယ်ဇာတအရင်းအမြစ်ပြမြေပုံ၊ ကသာမြို့နယ်

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) - ဆည်ကြီးကျေးရွာဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) - ဆည်ကြီးကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

Scanned by CamScanner

Scanned by CamScanner

၁။ တည်နေရာနှင့် ပထဝီအနေအထား

ဆည်ကြီးကျေးရွာသည် တောင်ဘက်အရပ်မှ အရှေ့မြောက်အရပ်သို့တည်ထားသောရွာတန်းရှည်ဖြစ်ပြီး ဧရာဝတီမြစ်နှင့် ရွှေလီမြစ်တို့ဆုံသော နေရာတွင် ကျွန်းသဖွယ်တည်ရှိပါသည်။ အင်းရွာတိုက်နယ်မြို့မဈေးနှင့်(၇)မိုင်ခန့်ကွာဝေးပြီး ကသာမြို့နှင့် (၁၅)မိုင်ခန့်ကွာဝေးပါသည်။ ဧရာဝတီမြစ်ထဲသို့ စီးဆင်းသောသောချောင်းလက်တက် ကမ်းပေါ်တွင်တည်ရှိသောကြောင့် သောက်ရေ၊ သုံးရေအတွက်မှာ တစ်နှစ်ပတ်လုံးအဆင်ပြေပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ဆည်ကြီးကျေးရွာတွင်နှစ်စဉ် မိုးရေချိန်လက်မ(၄၀)မှ (၆၀)ခန့် ထိရရှိသည်။

ချောင်းအတွင်း၌သဲများရှိသော်လည်း အရည်အသွေးမပြည့်မီသည့်အတွက် အသုံးပြု၍မရနိုင်ပေ။ သစ်တောများဆေးဘက်ဝင်အပင်များနှင့် သဘာဝတိရိစ္ဆာန်များမှာ လူဦးရေတိုးပွားလာခြင်း၊ ဝမ်းစာဖူလုံမှုနည်းလာခြင်းတို့ကြောင့် စက်မှုလယ်ယာခေတ်ရောက်သည်နှင့်အမျှ စိုက်ပျိုးမြေများ တိုးချဲ့လာခြင်းတို့ကြောင့် တဖြည်းဖြည်းပြုန်းတီးလာပါသည်။ တိရိစ္ဆာန်အစာရရှိမှုမှာလည်း နည်းသည်ထက်နည်းလာပါသည်။

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဆည်ကြီးကျေးရွာတွင်လူပျိုး၊ အပျိုများဖွဲ့စည်းထားသော်လည်း ၎င်းတို့မှာ ဘာသာရေးနှင့် သာရေး၊ နာရေးအတွက်သာပါဝင်ကြသည်။ ကျေးရွာတွင်အခြားအဖွဲ့မစည်းများနှင့် ချိတ်ဆက်ထားခြင်းမရှိဘဲ ရွာနီးနားချင်းဒေါင့်ကြီးကျေးရွာကိုသာမှီခိုရှုနေကြရသည်။ ထို့ကြောင့်လည်း ဆည်ကြီးကျေးရွာသည်သီးခြားရပ်တည်နိုင်ခြင်းမရှိသောကြောင့် ဖွံ့ဖြိုးမှုအားလည်းလျှော့ရှိသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ဆည်ကြီးကျေးရွာတွင် အသက်(၂၀)မှ(၄၀)အထိ အမျိုးသား၊ အမျိုးသမီးများသည် အိမ်ထောင်ဦးစီးသဖွယ်လုပ်ကိုင်ကြရပြီး ကျန်သောမိခိုသူများမှာလည်း အိမ်စီးပွားရေးကို တစ်ဖက်တစ်လမ်းမှကူညီကြရသည်။

ဆည်ကြီးကျေးရွာ၏ အဓိကမှီခိုရသည့်လုပ်ငန်းမှာ တောင်သူလုပ်ငန်းဖြစ်ပြီး အခြားမြေယာမဲ့အိမ်ထောင်စုများမှာ အရောင်းအဝယ်နှင့်နေ့စားများအဖြစ်လုပ်ကိုင်ကြရသည်။ ဝင်ငွေမှာ ဈေးကွက်စီးပွားရေးအပေါ်မူတည်၍အသင့်အတင့်ရှိကြသည်။ အောက်တိုဘာလမှ မေလအလယ်ပိုင်အထိမှာ

Scanned by CamScanner

ဆန်စပါး၊ ပဲအမျိုးမျိုး၊ ဖရဲ၊ ပြောင်းစသည်တို့ကို စိုက်ပျိုးရိတ်သိမ်းကြပြီး ကျန်လများတွင် တစ်ရွာလုံးနီးပါး ရေချိုငါးဖမ်းလုပ်ငန်းကိုလုပ်သာအဖြစ်အများဆုံးလုပ်ကိုင်ကြသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေမှာ အနည်းဆုံး(၃)ယောက်မှ(၅)ယောက်အထိရှိကြသည်။ ကျောင်းသား၊ ကျောင်သူများမှာလည်းကျောင်းအားလပ်ရက်များတွင် အိမ်စီးပွားရေးကို တစ်ဖက်တစ်လမ်းမှကူညီကြရသည်။ ချမ်းသာသောအိမ်ထောင်စု၏အိမ်အခြေအနေမှာ ပျဉ်ထောင်၊ ပျဉ်ခင်း၊ သွပ်မိုးအိမ်များနှင့် ပစ္စည်း ဥစ္စာပိုင်ဆိုင်မှုအခြေအနေမှာ မော်တော်ဆိုင်ကယ်တစ်စီးနှင့်အထက်ရှိခြင်း၊ စိုက်ပျိုးမြေကေ(၁၅)ကေနှင့် အထက်ရှိကြသည်။ဆင်းရဲသောအိမ်ထောင်စုပိုင်ဆိုင်မှုမှာ သက္ကယ်မိုး၊ ထရံကာ၊ (၂)ခန်းရှိခြင်း၊ စိုက်ပျိုးမြေမရှိခြင်း၊ ပစ္စည်းဥစ္စာပိုင်ဆိုင်မှုနည်းပါးခြင်းစသည်ဖြင့်အသီးသီးရှိကြသည်။

ဆည်ကြီးကျေးရွာတွင် လယ်မြေနှင့်ကိုင်းကျန်းမြေစသည့် မြေအမျိုးအစား(၂)မျိုးသာရှိပြီး မြေဆီလွှာအရည်အသွေးမှာ တစ်ရွာလုံးပျမ်းမျှအနေဖြင့် အသင့်အသင့်သာကောင်း၏။ လယ်မြေပိုင်ဆိုင်မှုဧကမှာ(၃၀၀)ခန့်ရှိပြီး ကိုင်း/ကျန်းမြေဧကပိုင်ဆိုင်မှုမှာ (၂၀၀)ကျော်ခန့်ရှိပါသည်။ သီးနှံများ စိုက်ပျိုးရာတွင်လည်း နည်းပညာဗဟုသုတအားနည်းသောကြောင့် နည်းလမ်းမှန်ကန်စွာစိုက်ပျိုးနိုင်ခြင်း မရှိပေ။ ထို့ကြောင့်ရရှိလာသောသီးနှံများမှာလည်း အရည်အသွေးမပြည့်မီသဖြင့် ဈေးကောင်းမရကြပေ။ စိုက်ပျိုးရေးနှင့်ပတ်သက်သောနည်းပညာများ၊ သင်တန်းပေးခြင်းနှင့် ဟောပြောပွဲများပြုလုပ်ခြင်းမရှိသဖြင့် ရိတ်သိမ်းရာတွင် အထွက်နှုန်းလျော့ခြင်း၊ အရည်အသွေးမပြည့်မီခြင်းစသည့်အခက်အခဲများကို နှစ်စဉ်ကြုံတွေ့နေရပါသည်။

အလုပ်အကိုင်အခွင့်အလမ်းနှင့်ပတ်သက်၍စိုက်ပျိုးရေးလုပ်ငန်းအပြင် တနိုင်တပိုင်မွေးမြူရေးလုပ်ငန်းကိုလည်းတွဲဘက်လုပ်ကိုင်ကြပါသည်။

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

အခြေခံအဆောက်အဦးများတည်ရှိမှုနှင့်ပတ်သက်၍ မူလတန်းစာသင်ကျောင်းဆောင်နှင့် တံတား(၁)စင်းသာရှိပါသည်။ ရွာလုံးကျွတ်အစည်းအဝေးများပြုလုပ်ကြရာတွင် အခြားအဆောက်အဦးမရှိသည့်အတွက် မူလတန်းကျောင်းဆောင်ကိုသာလျှင်အသုံးပြုကြပါသည်။ သက်တမ်းကြာလာသဖြင့် ယိုယွင်းပျက်စီးလာသောကြောင့် ပြင်ဆင်ပြီးအသုံးပြုနေရသဖြင့် အရည်အသွေးအသင့်အတင့်သာကောင်းမွန်ပါသည်။

သယ်ယူပို့ဆောင်ရေးနှင့်ပတ်သက်၍ အင်းရွာမြို့မစျေးသို့သွားလာရာတွင် ဖွန်လမှ အောက်တိုဘာလအထိမှာ ဧရာဝတီမြစ်ရေတက်သောအချိန်ဖြစ်၍ စက်လှေတစ်မျိုးတည်းကိုသာအသုံးအသုံးပြုကြရပြီး ကျန်လများတွင်စက်လှေပါမက ဆိုင်ကယ်ဖြင့်လည်းကောင်း၊ ခြေလျင်ဖြင့်လည်းကောင်း

Scanned by CamScanner

သွားလာကြသည်။ ကသာမြို့သို့သွားလာရာတွင် စက်လှေကိုသာအများဆုံးအသုံးအသုံးပြုကြသည်။ လှေများပေါ်တွင် ကြိုးဆွဲစက်ကလေးများကိုတပ်၍အသုံးပြုကြသည်။

ကူးသန်းရောင်းဝယ်ရာတွင်အသုံးပြုလျှက်ရှိသော တံတား(၁)စင်းမှာ ကိုင်းကျွန်းမြေများကို ဖြတ်၍သွားလာကြရပါသည်။ ထိုတံတားမှာ ဆောက်လုပ်ခဲ့သောနှစ်ကာလကြာမြင့်ခြင်း၊ ရာသီဥတုဒဏ်နှင့် ရေတိုက်စားမှုတို့ကြောင့် ပွင့်လင်းရာသီများမှာပင် သွားလာရန်ခက်ခဲလျှက်ရှိပါသည်။

လျှပ်စစ်မီးရရှိနိုင်ရေးတွင် ဧရာဝတီမြစ်ရေတက်သောဒေသဖြစ်ခြင်း၊ မြို့နှင့်အလှမ်းဝေးခြင်း၊ ဧရာဝတီမြစ်ခြားထားခြင်းတို့ကြောင့် (၂၄)နာရီလျှပ်စစ်မီးကိုအသုံးမပြုနိုင်ဘဲ ဆိုလာကိုသာအဓိကထား၍အသုံးပြုကြသည်။ ဆိုလာလျှပ်စစ်အားများကို ဘက်ထရီများဖြင့်သိုလှောင်ပြီး (၂၄)နာရီအသုံးပြုကြသည်။

သောက်သုံးရေနှင့်ပတ်သက်၍ဧရာဝတီမြစ်ထဲသို့စီးဝင်နေသောချောင်းကိုသာအများဆုံးအသုံးပြုကြသည်။ထိုချောင်းရေမှာ သန့်ရှင်းမှုရှိ/မရှိ စစ်ဆေးထားခြင်းမရှိသော်လည်း တစ်ရွာလုံးနီးပါး အချိန်ကြာမြင့်စွာသုံးစွဲလာကြသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှုများနှင့်ပတ်သက်၍ ဆည်ကြီးကျေးရွာသည် အစိုးရစိုက်ပျိုးရေးဘဏ်၊ သမဝါယမချေးငွေ၊ ပုဂ္ဂလိကဘဏ်စသည့်အဖွဲ့အစည်းများနှင့်ချိတ်ဆက်ထားခြင်းမရှိသဖြင့် ချေးငွေရရန်အခက်အခဲများကြုံနေရပါသည်။ မိတ်ဆွေနှင့် ဆွေမျိုးများထံမှ ချေးငှားသောငွေပမာဏမှာလည်း လုံလောက်မှုမရှိပါ။

ဆည်ကြီးကျေးရွာသည် သီးနှံများစိုက်ပျိုးရာတွင် ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှုများရရှိနိုင်မှုမရှိသောကြောင့် အရည်အသွေးကောင်းမွန်သောသီးနှံမျိုးစေ့များဝယ်ယူနိုင်ခြင်းမရှိပေ။

(င) ပညာရေး

ဆည်ကြီးကျေးရွာတွင် မူလတန်းအထိသာရှိပြီး အလယ်တန်းနှင့်အထက်တန်းကို အခြားသောကျေးရွာများ၊ မြို့များစသည်ဖြင့်အသီးသီးတက်ရောက်ကြသည်။ ခြေလျှင်(သို့)စက်ဘီးဖြင့်သွား၍သော်လည်းကောင်း၊ ဘော်ဒါဆောင်များထား၍သော်လည်းကောင်းသင်ကြားစေရပါသည်။ ဆင်းရဲသောမိသားစုများ၌ငွေကြေးမတတ်နိုင်ခြင်း၊ "ရေးတတ်ဖတ်တတ်လျှင်တော်ပြီ"ဟူသော ပညာရေးအားနည်းမှုအစွဲများကြောင့် မူလတန်းကျောင်းထွက်နှုန်းမှာ (၁)ဦးမှ (၅)ဦးအထိနှစ်စဉ်ရှိတတ်ပါသည်။

Scanned by CamScanner

ဆည်ကြီးကျေးရွာတွင်မူလတန်းပညာ ပြီးမြောက်မှုမှာ ၆၀%၊ အလယ်တန်းမှာ၂၅%၊ အထက်တန်းမှာ ၁၂%ရှိပြီး တက္ကသိုလ်/ဘွဲ့ရနှုန်းမှာ ၃% ရှိသည်။ အခြားသောပညာတတ်ကျွမ်းမှုများမှာ မရှိသလောက်နည်းသည်။

(စ) ကျန်းမာရေး

ကျန်းမာရေးနှင့်ပတ်သက်၍ ဆည်ကြီးကျေးရွာတွင်ကျေးလက်ဆေးပေးခန်းမရှိသဖြင့် သာမန်ဖျားနာခြင်းများအတွက် ဆေးမြီးတိုများနှင့်သာကုသကြပြီး ရောဂါပြင်းထန်လာမှသာ (၅)မိုင်ခန့်နီးပါးရှိသော ဒေါင့်ကြီးကျေးရွာ ကျေးလက်ဆေးပေးခန်း သို့သွားရောက်ကုသမှုခံယူကြသည်။

ဆည်ကြီးကျေးရွာတွင် အစာမှား၊ ရေချိုးမှားခြင်းတို့ကြောင့် သာမန် ဖျားနာခြင်းများသာရှိကြသည်။ သို့သော်မိုးတွင်းကာလတစ်နည်းအားဖြင့် ဧရာဝတီမြစ်ရေတက်သော ကာလတွင် ရာသီဥတုဖောက်ပြန်ခြင်း၊ ရေကြီးခြင်းတို့ကြောင့် သောက်ရေသန့်ရှင်းမှုမရှိသဖြင့် ဝမ်းပျက်ဝမ်းလျောရောဂါနှင့် တုတ်ကွေးများဖြစ်တတ်ကြသည်။

အခြားရောဂါများမှာ ဆီးချို၊ သွေးချိုရောဂါများ၊ သွေးတိုးရောဂါများနှင့် နှလုံးရောဂါများ အနည်းငယ်ရှိကြပြီး တခါတရံဆေးခန်းပို့ရန်မလွယ်ကူသောအချိန်များတွင် အသက်ဆုံးရှုံးမှုရှိကြသည်။ ထိုအချိန်များမှာ ဧရာဝတီမြစ်ရေတက်ခါစနှင့် ကျခါစအချိန်များဖြစ်ပြီး ကုန်းလမ်းမပေါက်၊ ရေလမ်းမပေါက်သောကာလဖြစ်သောကြောင့် သွားလာရေးခက်ခဲမှုများရှိကြသည်။ ကလေးငယ်များအတွက် ပိုလီယိုရောဂါကာကွယ်ဆေးနှင့် ဝက်သက်ရောဂါကာကွယ်ဆေးများသာထိုးနှံမှုရှိပြီး၊ ကိုယ်ဝန်ဆောင်များအတွက် မေးခိုင်ကာကွယ်ဆေးထိုးနှံမှုများလည်းရှိသည်။

ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့်ပတ်သက်၍ ကျန်းမာရေးအသိပညာပေးဟောပြောပွဲများပို့ချမှုအားနည်းသောကြောင့် အမှိုက်နှင့်အညစ်အကြေးများ စနစ်တကျစွန့်ပစ်မှုမရှိခြင်း၊ ယင်လုံအိမ်သာသုံးစွဲမှုအားနည်းခြင်းများကြုံတွေ့နေရပါသည်။

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ဆည်ကြီးကျေးရွာတွင် ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် စိုက်ပျိုးရေးဆေးများကိုလည်းနည်းလမ်းကန်စွာစနစ်တကျသုံးစွဲနိုင်ခြင်းမရှိသောကြောင့် မြေဆီလွှာပျက်ယွင်းမှုများနှင့်ကြုံတွေ့နေရသည်။ လုပ်သားအင်အားမှာ အလွယ်တကူမရနိုင်ခြင်းတို့ကြောင့် အချိန်မီပေါင်းမြက်နှိမ်နင်းခြင်းများ၊ နောက်ကျနှိမ်နင်းခြင်းများကြောင့် သီးနှံအထွက်နှုန်းများလျော့လာသည်။ ဖျက်ပိုးနှင့် ရောဂါကျရောက်မှုအသိအမြင်အားနည်းသောကြောင့် ရောဂါပိုးမွှားများကို ထိရောက်စွာမနှိမ်နင်းနိုင်ပေ။

Scanned by CamScanner

စွန့်ပစ်ပစ္စည်းများကိုလည်း စနစ်တကျစီမံခန့်ခွဲခြင်းမရှိသဖြင့် ငါးမျိုးကွဲများ၊ ရေအရင်းအမြစ်နှင့် အခြားတိရိစ္ဆာန်များအတွက်အန္တရာယ်ရှိမှုမှာ အလယ်အလတ်အဆင့်အထိသက်ရောက်မှုရှိနေပါသည်။

(၈) ကျား – မ ရေးရာ

ဆည်ကြီးကျေးရွာတွင်အမျိုးသမီးများမှာ သာရေး၊ နာရေးတွင်သာပါဝင်လုပ်ကိုင်ကြပြီး အခြားရပ်ရေးရွာရေးကိစ္စရပ်များ၌ ပါဝင်မှုနည်းသည်။ အချို့သောအမျိုးသမီးအများစုသည် ရှေးရိုးစွဲအယူများရှိခြင်း၊ မိန်းမသားဟူသောအကြောင်းပြချက်များဖြင့် ယောကျ်ားများအနောက်တွင်သာပါဝင်ကြသည်။ အိမ်ထောင်စုတစ်ခုလျှင်လည်း အမျိုးသမီးများမှာ မှီခိုရှိသာ တစ်ဘက်တစ်လမ်းမှ ပါဝင်လုပ်ကိုင်ကြသည်။ အချို့သောအမျိုးသမီးများမှာ အခြားဒေသများသို့ လပိုင်းခန့်သွားရောက်၍ အလုပ်ထွက်လုပ်ခြင်းများရှိသည်။ ထို့ကြောင့်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးနှင့် အဖွဲ့အစည်းများ၊ ကျေးရွာအုပ်ချုပ်ရေးများတွင် တက်ကြွစွာပါဝင်မှုအားနည်းသည်။

(၈) လူငယ်ဖွံ့ဖြိုးရေး

ဆည်ကြီးကျေးရွာတွင် လူငယ်များအတွက် အပန်းဖြေရန်နေရာများ၊ ရိပ်သာများ၊ သီးသန့်ဆောက်လုပ်ပေးထားခြင်းမရှိဘဲ တစ်ခါတစ်ရန်အားကစားပွဲများကျင်းပပေးလျှက်ရှိပါသည်။ လူမှုရေးနှင့်ဘာသာရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပါသည်။ တစ်ခါတစ်ရန်တွင်မူခိုက်ရန်ဖြစ်ပွားခြင်းမှလွဲ၍ အခြားသောမှုခင်းဖြစ်ပွားမှုများမရှိပေ။

Scanned by CamScanner

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေးအဆင့်
၁	အခြေခံအဆောက်အဦး	တံတားတည်ဆောက်ရန်	၁
၂	အခြေခံအဆောက်အဦ	ရွာလမ်းမကြီးအားကျောက်ချောခင်းရန်	၂
၃	လျှပ်စစ်	အိမ်တိုင်းစိမီးလင်းရန်	၃
၄	ကျန်းမာရေး	ကျေးလက်ဆေးပေးခန်းအဆောက်အဦး ဆောက်လုပ်ရန်	၄
၅	ပညာရေး	ကျောင်းဆရာမနေအိမ်တိုးချဲ့တည်ဆောက်ရန်	၅
၆			
၇			

Scanned by CamScanner

ဆည်ကြီး ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

ပြဿနာ	ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ်	ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ဝိုင်ဆိုင်နေသည့် အရင်းအနှီးများ/အခြေအနေကောင်းများ	ကျေးရွာဖွံ့ဖြိုးရေး အတွက် အဟန့်အတားများ	ဖြစ်နိုင်ဖွယ်ရာဖြေရှင်းနည်းလမ်းများ	ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း
ကဏ္ဍ - အခြေခံအဆောက်အဦး					
ဆည်ကြီးကျေးရွာတွင်စိုက်ခင်းများနှင့်ရွာကြားတွင်ချောင်းရှိနေသဖြင့်သွားလာရန်ခက်ခဲခြင်း	လက်ရှိသစ်သားတံတားသည်ကာလကြာမြင့်နေသဖြင့်ယိုယွင်းပျက်စီးနေခြင်း	သစ်သားများဝယ်ယူနိုင်ခြင်း၊ လုပ်သားအင်အားရရှိနိုင်ခြင်း၊ အုပ်ချုပ်ရေးအဖွဲ့ရှိခြင်း	ကျေးရွာရန်ပုံငွေမရှိခြင်း	တံတားဆောက်လုပ်ရန်	တံတားတည်ဆောက်ခြင်း
ကဏ္ဍ - ကျန်းမာရေး					
ကျန်းမာရေး/ဆေးကုသမှုခက်ခဲခြင်း	ကျေးရွာတွင်ဆေးပေးခန်းမရှိခြင်း၊ ရောဂါများဖြစ်ပွားနေခြင်း	ဆောက်လုပ်ရန်မြေနေရာလွယ်ကူခြင်း၊ လုပ်သားအင်အားရရှိနိုင်ခြင်း၊အုပ်ချုပ်ရေးအဖွဲ့ရှိခြင်း	ဆေးပေးခန်းဝေးသောကြောင့်လူနာအားဆေးခန်းသို့အချိန်မီမပေးပို့နိုင်ခြင်း၊ ရောဂါနောက်ကျခြင်း၊ စက်လှေဖြင့် (၄)မိုင်ခန့်ခရီးသွားရခြင်း၊ လမ်းခရီးမှာပွင့်လင်းရာသီမှသာသွား	ရွာတွင်ဆေးပေးခန်းဖွင့်နိုင်ရန်	ကျန်းမာရေးဆေးပေးခန်းဆောက်လုပ်ခြင်း

Scanned by CamScanner

			လာနိုင်ခြင်း၊ ငွေကြေးမတတ်နိုင်ခြင်း		
ကဏ္ဍ - အခြေခံအဆောက်အဦး					
ရွာတွင်းလမ်းမှာမိုးရွာရေတက်ပြီးရှုဇွက်များကြောင့်သွားလာရခက်ခဲခြင်း	ရွာတွင်းလမ်းမှာမြေသားလမ်းဖြစ်နေခြင်း	သဲ၊ကျောက်များလွယ်ကူစွာဝယ်ယူနိုင်ခြင်း၊ လုပ်သားအင်အားရရှိနိုင်ခြင်း	ရေနစ်လွယ်ခြင်း	ရွာလမ်းအားအဆင့်မြှင့်တင်ရန်	ရွာလမ်းမကြီးအားကျောက်ချောလမ်းခင်းခြင်း
ကဏ္ဍ - မီးလင်းရေး					
အိမ်တိုင်းစိမီးမလင်းခြင်း	မဝယ်နိုင်ခြင်း အားနည်းသောဆိုလာများအသုံးပြုနေရခြင်း	ရပ်ရွာမှအချို့းကျထည့်ဝင်နိုင်ခြင်း၊သက်ဆိုင်ရာဌာနသို့ဆက်သွယ်တင်ပြနိုင်ခြင်း	ငွေကြေးချို့တဲ့ခြင်း၊ အရည်အသွေးပြည့်ဝသောဆိုလာများအသုံးပြု မှုနည်းခြင်း၊ မြစ်ရေတက်သောကြောင့်(၂၄)နာရီလျှပ်စစ်မီးမရခြင်း	ဆိုလာများဖြန့်ဝေခြင်း	ဆိုလာနှင့်ဆက်စပ်ပစ္စည်းများရရှိအောင်ဆောင်ရွက်ခြင်း
ကဏ္ဍ - ပညာရေး					
ကျောင်းဆရာမနေအိမ်ပျက်စီးနေခြင်း၊မလုံလောက်ခြင်း	နှစ်ကာလကြာရှည်ခြင်း နေအိမ်နည်းပါးခြင်း	မြေနေရာလွယ်ကူစွာဝယ်ယူနိုင်ခြင်း၊ သစ်ဝါးများလွယ်ကူစွာဝယ်ယူနိုင်ခြင်း လုပ်သားအင်အားရှိခြင်း	ငွေကြေးမတတ်နိုင်ခြင်း	ကျောင်းဆရာမနေအိမ်တိုးချဲ့ဆောက်လုပ်ရန် အသစ်ဆောက်ရန်	လက်ရှိနေအိမ်ပြုပြင်ခြင်းနှင့် အသစ်တစ်လုံးတိုးချဲ့ဆောက်လုပ်ခြင်း

Scanned by CamScanner

လူမှုစီးပွားရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ (၂၅ ဇယား)/ (အချို့မြို့နယ်များတွင် ၄၈ ဇယား)

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၈	၅	၁၃
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၂၄	၂၃	၄၇
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၃၁	၃၃	၆၄
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၃၄	၃၀	၆၄
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၈၇	၁၉၀	၃၇၇
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၅	၉	၁၄
စုစုပေါင်း		၂၈၉	၂၉၀	**၅၇၉**
စုစုပေါင်း အိမ်ထောင်စု		၁၁၈		

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ဆည်ကြီးကျေးရွာတွင် နို့စို့အရွယ်ကလေးငယ်များမှာ ကျန်းမာရေးစောင့်ရှောက်မှုများအသင့်အသင့်ရှိပြီး ကျောင်းနေအရွယ်ကလေးငယ်များအား လုံးမူလတန်းပညာသင်ကြားကြရသည်။ အလယ်တန်းကျောင်းသားအရွယ်ကလေးငယ်များအား လုံးနီးပါး ကျောင်းနေ၍ အချို့မှာမိဘလုပ်ငန်းများကို ကူညီကြရသည်။ သက်ကြီးရွယ်အိုများ၊ ကျောင်းသား/သူများမှအပ အလုပ်လုပ်နိုင်သည့်အရွယ်အား လုံး တောင်သူလုပ်ငန်းအပြင် ရေလုပ်ငန်းလုပ်ကိုင်ကြရသည်။

Scanned by CamScanner

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦး/ရာ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ:					
၁	**လယ်ယာစိုက်ပျိုးရေး:**				
	ကိုယ်ပိုင် လုပ်ငန်း:	၇၅	၁၇၀		မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၂၅	၂၅		မြင့် ☐ လတ် ☐ နိမ့် ☑
၂	**တိရစ္ဆာန် မွေးမြူရေး:**				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ် ☐ နိမ့် ☐
၃	**ငါးလုပ်ငန်း: (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း:	၆	၁၉	၁၄	မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၁၀	၂၇	၆၀	မြင့် ☐ လတ် ☑ နိမ့် ☐
၄	**သစ်တောလုပ်ငန်း:**				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ် ☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ:					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း:**				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ် ☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း:**				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ် ☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဆေးရေး:**				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ် ☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း:**				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ် ☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး:**				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ် ☐ နိမ့် ☐

Scanned by CamScanner

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း			၃	မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			၁	မြင့် ☐ လတ်☐ နိမ့် ☑
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် အောကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐

Scanned by CamScanner

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်း၊မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း:				မြင့် □ လတ်□ နိမ့် □
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း:				
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား:	၂	၃		☒
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း:				မြင့် □ လတ်□ နိမ့် □
	စုစုပေါင်း	၁၁၈	၂၄၄	၇၈	☒

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း:"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တည်ထောင် လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ဆည်ကြီးကျေးရွာတွင် ကိုယ်ပိုင်လုပ်ငန်းနှင့် လက်လုပ်လက်စား များသာများနေသည်ကိုတွေ့ရသည်။ လယ်များသည် ရေမထွက်သောအခါ မစိုက်ပျိုးနိုင်သော တောင်သူများသာများပြားသောကြောင့် ဖြစ်သည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား:

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား:

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၄၀၀၀	၄၀၀၀	၃၀၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				

Scanned by CamScanner

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား				
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက်အရ ဆည်ကြီးကျေးရွာတွင် ကျားမခွဲခြားထားခြင်းမရှိဘဲငွေကြေးများကို ဦးရေအလိုက်သာပေးခြင်းဖြစ်ပါသည်။ ကျားမမခွဲဘဲ တန်းတူရသောအခြေအနေကိုသိရှိရသည်။

(က) သဘာဝရင်းမြစ်များ

(က-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၂၃၈	ကောင်း ☐	သင့် ☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ		ကောင်း ☐	သင့် ☐	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့် ☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ	၃၀၇	ကောင်း ☐	သင့် ☑	ညံ့ ☐
ဓနိတောမြေ		ကောင်း ☐	သင့် ☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့် ☐	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐	သင့် ☐	ညံ့ ☐

Scanned by CamScanner

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)
စုစုပေါင်း	၅၅၄	☒

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ဆည်ကြီးကျေးရွာ စိုက်ပျိုးရေးတွင် မြေဧကများရှိကြသော်လည်း စိုက်ပျိုးမှုမှာများစွာခက်ခဲကြောင်းတွေ့ရှိရသည်။ ရာသီဥတုဖောက်ပြန်သောကြောင့်လည်းကောင်း၊ ရေကြီးမှုကြောင့်လည်းကောင်းတွေ့ရှိရပါသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐ သင့် ☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ☑ မရှိ ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက်အရသဲများမှာအရည်အသွေးမပြည့်မီသဖြင့် အသုံးပြု၍မရနိုင်ပါ။ နောက်ဆုံးတွင် ဝယ်ယူ၍သုံးစွဲရပါသည်။

Scanned by CamScanner

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အခြားစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၁၆	၃၁	၂၇	၄၄

ရင်းမြစ် ... (၁) ကျေးရွာလုံးကျတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ဆည်ကြီးကျေးရွာသည် ဧရာဝတီမြစ်ရေတက်သောကျေးရွာဖြစ်သဖြင့် နှစ်ထပ်အိမ်များမှာမရှိသလောက်ရှားပါသည်။ ခြေတံရှည်ဆောက်မှသာလျှင် ဝါဆို၊ ဝါခေါင်များမှ တိုးသောရေကို ကျော်လွှားနိုင်သည်ဖြစ်ပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီမှကောက်ယူမည်)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၀	အခြားအစားပြောင်းလဲစား = _____၀_____ အစားလျှော့စား = _____၀_____ အထောက်အပံ့ယူ = _____၀_____ ချေးယူ = _____၀_____ လုပ်အားခကြိုယူ = _____၀_____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၀	အခြားအစားပြောင်းလဲစား = _____၀_____ အစားလျှော့စား = _____၀_____ အထောက်အပံ့ယူ = _____၀_____ ချေးယူ = _____၀_____

Scanned by CamScanner

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
		လုပ်အားခကြိုယူ = _____၀_____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား: = _____၀_____ အစာလျှော့စား: = _____၀_____ အထောက်အပံ့ယူ = _____၀_____ ချေးယူ = _____၀_____ လုပ်အားခကြိုယူ = _____၀_____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။.....

.....

.....

.....

.....

(၄-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	၀	၀	၀
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	၀	၀	၀
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၀		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၀		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	၀		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ဆည်ကြီးကျေးရွာတွင်အိမ်ခြေအနည်းငယ်သာရှိသဖြင့် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို၊ မသန်စွမ်းသောပုဂ္ဂိုလ်ဟူ၍မရှိပေ။ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုနှင့် မုဆိုးဖို/တစ်ခုလပ်အိမ်ထောင်စုများအနည်းငယ်ရှိသော်လည်း မိသားစုဦးရေမှာ အသင့်အတင့်သာရှိသဖြင့် စိုးပွားရေးမှာအသင့်အတင့်အဆင်ပြေကြသည်။ အခြားဒေသသို့ သွားရာတွင်လည်း မိသားစုအလိုက်သွားရောက်လုပ်ကိုင်ခြင်းမရှိဘဲ လူလတ်ပိုင်းနှင့်လူငယ်ပိုင်များသာ သွားရောက်လုပ်ကိုင်ကြသည်။

Scanned by CamScanner

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☑	နိမ့် ☐	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☑	လတ် ☐	နိမ့် ☐	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☑	နိမ့် ☐	မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☑	လတ် ☐	နိမ့် ☐	မရှိ ☐
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၇	ငလျင်	မြင့် ☐	လတ် ☑	နိမ့် ☐	မရှိ ☐
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☑	နိမ့် ☐	မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ☑	နိမ့် ☐	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☑	နိမ့် ☐	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐	လတ် ☑	နိမ့် ☐	မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ဆည်ကြီးကျေးရွာသည် ဧရာဝတီမြစ်နှင့်နီးကပ်နေသောကြောင့် မုန်တိုင်းငယ်များသည် မကြာမကြာဆိုသလိုဝင်ရောက်ကျရောက်တတ်ပါသည်။ ဧရာဝတီမြစ်ရေတက်သောအခါတွင် အနည်းငယ်နိမ့်သောအိမ်ငယ်များမှာ နစ်မြုပ်ကြသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐	လတ် ☑	နိမ့် ☐	မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☑	လတ် ☐	နိမ့် ☐	မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑

Scanned by CamScanner

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
	ဒေသတွင် နေထိုင်သူ				
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☑	လတ် ☐	နိမ့်☐	မရှိ ☐
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၁၅	ဆေးစွဲသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၉	ရွှေပြောင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ဆည်ကြီးကျေးရွာသည် မြစ်ကမ်းပါးပေါ်တွင်တည်ရှိသောကြောင့် သဘာဝဘေးအန္တရာယ်များသက်ရောက်မှုများသောဒေသဖြစ်ပါသည်။ မြစ်ဝကျွန်းပေါ်ဒေသသဖွယ်ရှိသောကြောင့် ရွာမြေမျက်နှာပြင်၏ ၅၀%အထိမှာ တစ်ညီတည်းလိုလိုရှိ၏။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	လယ်သမား အဖွဲ့	၁☑ ၂☐ ၃☐	၁၅		၁၅	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐	ကောင်း ☐ သင့် ☑

Scanned by CamScanner

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						စိုက်ပျိုးမွေးမြူရေး ☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ညံ့ ☐
၂	လူပျို/အပျို အဖွဲ့	၁☐ ၂☑ ၃☐	၁၅	၁၈	၃၃	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၃		၁☐ ၂☐ ၃☐				ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၄		၁☐ ၂☐ ၃☐				ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၅		၁☐ ၂☐ ၃☐				ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၆		၁☐ ၂☐ ၃☐				ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၇		၁☐ ၂☐ ၃☐				ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

Scanned by CamScanner

(၁) စီးပွားရေးအခြေခံသောအုပ်စု - လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။
(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။
(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ဆည်ကြီးကျေးရွာတွင် လူဦးရေနည်းသောကြောင့် အဖွဲ့အစည်းများစုံလင်စွာသီးခြားဖွဲ့စည်းထားခြင်းမရှိပါ။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	ဓမ္မစကူးဖောင်ဒေးရှင်း	၁☑ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၄		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၅		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၆		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။
(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊

Scanned by CamScanner

Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ဆည်ကြီးကျေးရွာသည်ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုနည်းသောကြောင့် ဖွံ့ဖြိုးရေးအားနည်းလျက်ရှိပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၄၃	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၁၀	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၂၀	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၃၅	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၁၀	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း:		**၁၁၈**	☒

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ဆည်ကြီးကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ အိမ်ထောင်စု ၅၀%ခန့်သည် ကိုင်းကျွန်းမြေပိုင်ဆိုင်ကြပြီး ၄၀%ခန့်မှာ လယ်မြေပိုင်ဆိုင်ကြသည်။ ကိုင်းကျွန်းမြေပိုင်ဆိုင်မှုမှာ လယ်မြေပိုင်ဆိုင်မှုထက်ပိုပါသည်။ အိမ်ထောင်စု၏ ငါးပုံနှစ်ပုံမှာ မြေယာမဲ့များ ဖြစ်ကြသည်။

Scanned by CamScanner

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၃	မြစ်ရေတင်စိမံကိန်း	၃၀၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☑ မဖြေဆိုပါ☐	ရှိ☑ မရှိ☐ မဖြေဆိုပါ ☐
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၅	အဝီစိတွင်း	၃၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☑ မဖြေဆိုပါ☐	ရှိ☑ မရှိ☐ မဖြေဆိုပါ ☐
၆	လက်ဝင်ရေတွင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☐
၈	ချောင်းရေ	၂၀၈	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☑ မဖြေဆိုပါ☐	ရှိ☑ မရှိ☐ မဖြေဆိုပါ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ဆည်ကြီးကျေးရွာတွင် မြစ်ရေချောင်းရေကိုလယ်စိုက်ပျိုးရာတွင် အသုံးပြုပြီးအဝီစိတွင်ဖြင့်အနည်းငယ်စိုက်ပျိုးပါသည်။ ကိုင်းကျွန်းမြေများတွင်မြေပဲနှင့် ဖရဲအများဆုံးစိုက်ပျိုးပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧက အထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
စပါး	၂၃၈	တင်း	၇၀	၇၅	၇၀	ဇူလိုင်	ဒီဇင်ဘာ	မြင့်☐ လတ်☐ နိမ့်☑	မြင့်☐ လတ်☑ နိမ့်☐

Scanned by CamScanner

သီးနှံ	စုစုပေါင်း စိုက်ကေ	တစ်ကေ အထွက်နှုန်း				သီးနှံ စိုက်ပျိုး သည့် ကာလ		သွင်းအား စုလိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အပြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်း ဆုံး	အများ ဆုံး	ပျမ်း မျှ	မှ	ထိ		
မြေပဲ	၁၀၀	တင်း	၄၀	၃၅		နိုဝင် ဘာ	ဇန် နဝါ ရီ	မြင့်☐ လတ်☐ နိမ့်☑	မြင့်☐ လတ်☐ နိမ့်☑
ဖရဲ	၁၀၀	လုံး		၁၀၀၀		အောက် တိုဘာ	ဧပြီ	မြင့်☐ လတ်☐ နိမ့်☑	မြင့်☐ လတ်☐ နိမ့်☑
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ဆည်ကြီးကျေးရွာသည်အသီးအနှံများစိုက်ပျိုးရာ၌ သဘာဝမြေဩဇာသာသုံး၍အများဆုံးစိုက်ပျိုးကြသည်။ မြေပဲစိုက်ပျိုးရာတွင် မိုးမြေပဲအနည်းငယ်နှင့် ဆောင်းမြေပဲဟူ၍စိုက်ပျိုးကြသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်
ထွန်စက်	၂			၃၀
လက်တွန်းထွန်စက်	၁			၄၀
အစေ့ချ ကိရိယာ				
ရိတ်သိမ်းခြွေလှေ့စက်				၂၀
ရိတ်သိမ်းစက်				၅
ခြွေလှေ့စက်				၇၈
ရေစုပ်စက်	၅၂			၁၉
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်				

ရင်းမြစ်... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

Scanned by CamScanner

လေ့လာတွေ့ရှိချက်။ ။ဆည်ကြီးကျေးရွာသည် အစေ့ချကိရိယာ၊ ရိတ်သိမ်းချေလေ့စက် စသည့်စက်ကြီးများကိုဝယ်ယူနိုင်ခြင်းမရှိသဖြင့် အခြားဒေသမှခေါ်ယူ၍ဌားရမ်းလုပ်ကိုင်ကြရပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက်/ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☐
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☐
စိုက်ပျိုးရေ အရင်းအမြစ်	ပေါများ ☑ အသင့်အတင့်ရှိ☐ မဖြေဆိုပါ☐
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည် ☐ ရသည် ☐ မဖြေဆိုပါ ☑
သီးနှံမျိုးစေ့ ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ☑ မဖြေဆိုပါ ☐
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ☑ မဖြေဆိုပါ ☐
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ☑ မဖြေဆိုပါ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ ☐
နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ ☐
သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ သီးနှံများကို ရောင်းချနိုင်သည် ☑ မဖြေဆိုပါ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ဆည်ကြီးရွာသည် မြို့နှင့်အလှမ်းဝေးသောကြောင့် စိုက်ပျိုးရေးဆိုင်ရာ အချက်အလက်များကို အလွယ်တကူရရှိနိုင်ခြင်းမရှိပါ။ နည်းပညာဆိုင်ရာဟောပြောပွဲများပြုလုပ်ခြင်း မရှိသောကြောင့်လည်း သီးနှံဖျက်ပိုးမွှားအန္တရာယ်နှင့် စိုက်ပျိုးနည်းမမှန်ကန်ခြင်းပြဿနာများကို ကြုံတွေ့နေရပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

Scanned by CamScanner

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	မြေဆီဩဇာမကောင်း☐ ရာသီဥတုမမှန် ☑ မဖြေဆိုပါ☐
လယ်ယာမြေ အသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ☑ လယ်ယာမြေဆုံးရှုံးမှုများသည် ☑ လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် ☐ ပလပ်မြေများရှိသည် ☐ ပလပ်မြေအသင့်အတင့်ရှိသည်☐ မဖြေဆိုပါ ☐
စိုက်ပျိုးရေ အရင်းအမြစ်	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☑
သီးနှံမျိုးစေ့ ရရှိနိုင်မှု	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐
နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐
သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☑ သီးနှံများကိုရောင်းချရန်ဈေးကွက်မရှိပါ ☐ မဖြေဆိုပါ ☐
ဖျက်ပိုးနှင့် ရောဂါကျရောက်မှု	ဆိုးရွားစွာကျ ☑ အသင့်အတင့်ကျ ☐ အနည်းငယ် ☐ မဖြေဆိုပါ ☐

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ဆည်ကြီးကျေးရွာတွင်သဘာဝနည်းလမ်းများဖြင့်သာစိုက်ပျိုးကြသည်။ ထို့အပြင်မြေဆီလွှာများလည်း တစ်နှစ်နှင့်တစ်နှစ်မတူဘဲ ယိုယွင်းပျက်စီးလာသည်နှင့်အမျှ သီးနှံအရည်အသေးများမှာမပြည့်မီသည့်အတွက် ရောင်းချရာတွင် အခက်အခဲများ ကြုံတွေ့နေရသည်။ လုပ်သားအင်အားအလွယ်တကူမရသည့်အတွက် မိုး/ရေစသည့်သဘာဝအန္တရာယ်ကြောင့် သီးနှံပျက်စီးမှုများလည်းကြုံတွေ့နေရပါသည်။

Scanned by CamScanner

(ခ-၂) **မွေးမြူရေးလုပ်ငန်း**

(၁) **မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ**

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၆၆	၃၇၂
နို့စားနွား		
ကျွဲ	၃၀	၁၁၆
မြင်း	၁	၁
မြည်း		
လား		
ဆိတ်		
သိုး		
ဝက်	၇၁	၁၇၉
ကြက်	၁၁၀	၂၂၀၈
ဘဲ		
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်း မွေးမြူရေးလုပ်ငန်း		
ရေချို ငါးဖမ်းလုပ်ငန်း	၉၃	
ကမ်းလွန် ငါးဖမ်းလုပ်ငန်း		

ရင်းမြစ်... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ဆည်ကြီးကျေးရွာတွင်မွေးမြူရေးလုပ်ငန်းများ စီးပွားဖြစ်လုပ်ကိုင်ခြင်း မရှိသော်လည်း ကြက်၊ ဝက်စသည်များကို အိမ်တိုင်းလိုလိုပင် အသင့်အတင့် တနိုင်တပိုင်မွေးမြူကြသည်။ ငါးဖမ်းလုပ်ငန်းတွင်လည်း ၉၉% သည်လုပ်သားများအများဆုံးဖြစ်ပါ သည်။

Scanned by CamScanner

(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက်/ ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
မွေးမြူရေး	
စားကျက်မြေ	ပေါများ: ☐ အသင့်အတင့်☑ မဖြေဆိုပါ ☐
ရေရရှိမှု	အလုံအလောက်ရနိုင်☑ အသင့်အတင့်ရနိုင်☐ မဖြေဆိုပါ ☐
